


# ကြက်ခြေနီသတင်းလွှာ

မြန်မာနိုင်ငံအနှံ့ရှိ ကြက်ခြေနီအသင်းခွဲများနှင့် ရပ်ရွာအခြေပြုကြက်ခြေနီစေတနာလုပ်အားရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်ချက်များ

## ဒေသတွင်းလိုအပ်ချက်များကိုဖြည့်ဆည်းခြင်း

### ဘေးအန္တရာယ်ကျရောက်သူများကို ကူညီခြင်း







အသင်းဌာနချုပ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခဒေါက်တာမျိုးညွန့်သည် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးညီညီနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီလ(၁၄)ရက်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတွင် ဆေးရုံ တက်ရောက်နေသော ယာယီနေရပ်စွန့်ခွာ မိသားစုဝင်များအတွက် အသင်းက ထောက်ပံ့သည့် ပစ္စည်းများကို ပေးအပ်ခဲ့ပြီး အားပေးစကား ပြောကြားခဲ့ပါသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ဆေးရုံတက်ရောက်နေသော ယာယီနေရပ်စွန့်ခွာမိသားစုဝင်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော အမျိုးသမီးတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (၇၉)စုံ၊ အမျိုးသားတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (၃၄) စုံ၊ မီးဖိုချောင်သုံးပစ္စည်း (၅၅) စုံ၊ အနွေးထည် (၄) ထည်၊ ကလေးသုံးပစ္စည်း (၅) စုံတို့ကို အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်သိန်းထံ ပေးအပ်ခဲ့ပါသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ်၊ သလဲဦးကျေးရွာအုပ်စု၊ ခွဲခြမ်းဘုရား(ဘုန်းတော်ကြီးကျောင်း) ယာယီနေရပ်စွန့်ခွာစခန်းသို့ သွားရောက်ပြီး ယာယီနေရပ်စွန့်ခွာ မိသားစုဝင် တစ်နှစ်အောက်ကလေးငယ်များအား ကလေးသုံးပစ္စည်းများ၊ ကျောင်းနေ အရွယ်ကလေးများအား ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံ(အမျိုးသား)(၂၄) စုံ၊ ကျောင်းဝတ်စုံ(အမျိုးသမီး) (၂၃) စုံနှင့် အလှူရှင်ပြည်သူများ လှူဒါန်းထားသည့် အဝတ်အစားများကို ထောက်ပံ့ပေးခဲ့ပြီး ကြက်ခြေနီအကြောင်းသိကောင်းစရာနှင့် မိသားစုပြန်လည်ဆက်သွယ်ပေးရေး လက်ကမ်းစာစောင်များကို ပေးဝေခဲ့ပါသည်။

ယင်းနောက် ယာယီနေရပ်စွန့်ခွာ ရောက်ရှိနေသော ကယားပြည်နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် မိသားစုများအား ငါးသေတ္တာ (၁၂၀) ဗူးနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကာ အားပေးစကား ပြောကြားခဲ့ပြီး ညောင်ရွှေမြို့နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါသည်။

### ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကိုမြှင့်တင်ခြင်း





ရှမ်းပြည်နယ် (တောင်ပိုင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) ကြက်ခြေနီ အသင်းခွဲ အသင်းဝင်ဆန္ဒပြုလွှာပေးအပ်ပွဲကို ဇန်နဝါရီလ(၁၂)ရက်နေ့ မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်တွင် ကျင်းပခဲ့ရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌက အမှာစကား ပြောကြားခဲ့ပြီး ကြက်ခြေနီအသင်းခွဲအတွက် ရှေးဦးပြုစုခြင်းဆေးအိတ်၊ အောက်စီဂျင်(40)L+ Flow Meter တစ်စုံ၊ Blood Pressure Monitor (၁) ခု၊ Oximeter (၁) ခု၊ Waistcoat (၂၀) ထည်နှင့် နှာခေါင်းစည်း (၂၀၀) ခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့နောက် ကြက်ခြေနီအသင်းခွဲ အတွင်းရေးမှူးက အသင်းဝင် ဆန္ဒပြုလွှာများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကြက်ခြေနီအသင်းခွဲ နာယက ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်စန္ဒာအောင်က ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အသင်းဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ၊ အချိန်ပိုင်းအလုပ်အမှုဆောင်၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အသင်းဌာနချုပ် ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် ဝန်ထမ်းများ၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ဒုတိယပါမောက္ခချုပ် ခင်စန္ဒာအောင်နှင့် တက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပါသည်။





အသင်းဌာနချုပ်

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်း ဖွင့်လှစ်သော ဧရာဝတီတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ အတွက် ပြုလုပ်သည့် ပြန်ကြားဆက်သွယ်ရေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီလ (၁၆) ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်တက်ရောက်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲတွင် အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ Head of Delegation Ms. Nadia Khoury က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

သင်တန်းဖွင့်ပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်အမှုဆောင်များ၊ အထွေထွေအတွင်းရေးမှူး၊ ဒုတိယအထွေထွေအတွင်းရေးမှူး၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ အသင်းဌာနချုပ်မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဌာနမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား/သူများ တက်ရောက်ခဲ့ပါသည်။

ဇန်နဝါရီလ(၁၆)ရက်နေ့မှ ဇန်နဝါရီလ(၁၈)ရက်နေ့အထိ (၃)ရက်တာ ပြုလုပ်ခဲ့သော အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင်(၂၀)ဦး တက်ရောက်ခဲ့ပါသည်။

# ရပ်ရွာလူထုအား ကြိုတင်ပြင်ဆင်ခြင်းနှင့် မြန်မာနိုင်ငံရှိ ပြောင်းလဲနေသော အခြေအနေများကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း




ဇန်နဝါရီလ (၁၀)ရက်နေ့က အရေးပေါ်ကလေးမွေးဖွားမည့်သူ(၁)ဦးအား နေအိမ်မှ လားရှိုးပြည်သူ့ဆေးရုံကြီးသို့ လားရှိုးမြို့နယ်ကြက်ခြေနီအသင်းခွဲပိုင်လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးခဲ့ပါသည်။




ဇန်နဝါရီလ (၁၂) ရက်နေ့ကမိုးကုတ်မြို့နယ်၊ အနောက်ပိုင်း၊ကျပ်ပြင်ရပ်ကွက်မှ အဖိုးအိုတစ်ဦးကိုအစားအစာနှင့် ငွေသားများကို ဒေသခံကြက်ခြေနီစေတနာလုပ်အားရှင်တစ်ဦးက ထောက်ပံ့ကူညီပေးခဲ့ပါသည်။




ဇန်နဝါရီလ (၂၃) ရက်နေ့က ဇီးကုန်းမြို့၊ လယ်တွင်း အလကကျောင်းတွင် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်ခဲ့ပါသည်။




ဇန်နဝါရီလ (၂၀) ရက်နေ့က စလေမြို့၊ မကြီးကန်ရွာအနီးတွင် ဆိုင်ကယ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူတစ်ဦးအား ရှေးဦးပြုစုပေးခဲ့ပြီး နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပါသည်။




ဇန်နဝါရီလ (၁) ရက်နေ့က မြစ်ကြီးနားပြည်သူ့ဆေးရုံတွင် ကြက်သားဆန်ပြုတ်များ သွားရောက်ဖြန့်ဝေပေးခဲ့ပါသည်။




ဇန်နဝါရီလ (၁၁) ရက်နေ့က ပုဇွန်တောင်မြို့နယ်၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း တွင် ရှေးဦး ပြုစုခြင်း(အခြေခံ) သင်တန်း (၁/၂၀၂၄) ကိုဖွင့်လှစ်ပြီး ကျောင်းသား/ကျောင်းသူ (၅၅) ဦး တို့အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပါသည်။

## မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ငွေကြေးအကူအညီသည် လူနေမှုဘဝပုံစံပြောင်းလဲပြီး ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသော လူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပါသည်

ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် အပြင်းထန်ဆုံး ဆိုင်ကလုန်းမုန်တိုင်းအဖြစ် မှတ်တမ်းတင်ထားသော ဆိုင်ကလုန်းမိုခါကြောင့်မုန်တိုင်းဒီရေတက်ခြင်း၊ လျှပ်တပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများကြောင့် လူပေါင်း ၁.၁ သန်းခန့် ထိခိုက်ပျက်စီးခဲ့ပြီး အရေးကြီးသော အခြေခံအဆောက်အဦများ ပျက်စီးခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းကြောင့် အိမ်ခြေ (၂၀၀,၀၀၀) ကျော်ကို သိသိသာသာ ပျက်စီးစေကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လျှပ်စစ်မီးနှင့် သောက်သုံးရေဝန်ဆောင်မှုများ ပြတ်တောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရေး ခက်ခဲစေခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အကူအညီလိုအပ်နေသည့် မိသားစုများကို ထောက်ပံ့ကူညီရန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အရေးပေါ်အကူအညီဖြင့် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးရှိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရပ်ရွာများသို့ ငွေကြေးအကူအညီများ ပေးအပ်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်ထိ ရခိုင်ပြည်နယ်ရှိ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် စစ်တွေမြို့နယ်များမှ အိမ်ထောင်စု (၂,၃၂၈) နှင့် မကွေးတိုင်းဒေသကြီးရှိ စလင်းမြို့နယ်နှင့် ဆင်ဖြူကျွန်းမြို့များမှ အိမ်ထောင်စု (၁,၉၇၀) စုတို့အား အိမ်ထောင်စု (၁) စုလျှင် ကျပ်ငွေ (၂၀၀,၀၀၀) ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူပေါင်း (၂၉၀,၀၀၀) ကျော်အား သောက်သုံးရေသန့် ဖြန့်ဝေပေးခြင်းကို အဓိကထား၍ ကဏ္ဍစုံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့ပါသည်။ သောက်သုံးရေ လီတာ (၉၈၀,၀၀၀) ကျော်နှင့် ပြည်တွင်းသုံးရေ လီတာ (၁၉,၀၀၀) ကျော်ကို ရခိုင်ပြည်နယ်တစ်ဝှမ်းရှိ အိမ်ထောင်စု ၅၀,၀၄၂ (လူဦးရေ ၂၅၀,၂၁၀ ပါဝင်သော) ထံသို့ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ထို့အပြင် လူဦးရေ (၁၉,၅၈၆) ဦးကို အမိုးအကာ ထောက်ပံ့မှု၊ လူဦးရေ (၁၂,၅၈၆) ဦးကို ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး သန့်ရှင်းရေး အကူအညီများပေးခဲ့ပြီးပါသည်။ လူဦးရေ (၈,၄၁၃) ဦးကို အသက်မွေးဝမ်းကြောင်း ထောက်ပံ့မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပဏာမကျန်းမာရေးစောင့်ရှောက်မှုသည် လူပေါင်း (၁,၈၂၆) ဦးကို ကုသပေးခဲ့ပြီး ၁,၉၀၀ ကျော်ကို လက်ဆေးခြင်း နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာပေးမှုများ ပြုလုပ်ခဲ့ပါသည်။







"ငွေသားအကူအညီဟာ မျှော်လင့်ချက်မီးအလင်းရောင်တစ်ခုလိုပါပဲ။ လက်ရှိအခက်အခဲတွေကို ကျော်ဖြတ်ပြီး မိသားစုအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ရရှိစေမှာပါ။" ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ မစန္ဒာလှိုင်က ပြောပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အမှီအခိုကင်းစွာဖြင့် ဘက်မလိုက်ပဲ ကြားနေကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ထိခိုက်ခံစားရမှုအရှိဆုံးနှင့် လိုအပ်နေသူများထံ ရောက်ရှိစေရန်အတွက် တတ်စွမ်းသရွေ့ ကြိုးစားဆောင်ရွက်လျှက်ရှိသည်။**

# ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၏ နှစ်သစ် နှုတ်ခွန်းဆက်စကား



ချစ်ခင်အားထားရပါသော ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ကြက်ခြေနီအသင်းဝင်တပ်ဖွဲ့ဝင်များ ခင်ဗျာ –

ဒီနေ့ဟာ မင်္ဂလာရှိလှတဲ့ ၂၀၂၄ ခုနှစ် နှစ်သစ်ကို စတင်မည့် နေ့ရက်ကောင်းဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပြောင်းတဲ့ ဒီလိုမင်္ဂလာရှိတဲ့ နှစ်သစ်ရဲ့ ပထမဆုံးနေ့မှာ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကာ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက် ပါတယ်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ထောင်ပေါင်းများစွာသော ကြက်ခြေနီစေတနာလုပ်အားရှင်များဟာ အကြောင်းအမျိုးမျိုးကြောင့် ဘေးအန္တရာယ်အမျိုးမျိုး၊ ပဋိပက္ခအမျိုးမျိုးနဲ့ ကပ်ရောဂါဆိုးတွေကြောင့် ထိခိုက်ခံစားရသူ တွေအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို တတ်စွမ်းသမျှ လက်လှမ်းမီသရွေ့ ကူညီ ဆောင်ရွက်ပေးနေကြတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိသလို တစ်ဖက်မှာလည်း အချို့သော ကြက်ခြေနီ စေတနာလုပ်အားရှင်တွေ ကိုယ်တိုင်ပင်လျှင် အကူအညီပေးရင်း ဘေးအန္တရာယ်ခံစားခဲ့ကြရတာကို တွေ့မြင်ကြားသိ ခဲ့ရတဲ့အတွက်လည်း စိတ်နှလုံး မချမ်းမြေ့ဖြစ်ခဲ့ရပါတယ်။

နိုင်ငံအတွင်းမှာလည်း ဒေသအသီးသီးက ကြက်ခြေနီစေတနာလုပ်အားရှင်များက ကျရာအခန်းကဏ္ဍမှာ ပါဝင် ကူညီလုပ်ဆောင်ပေးနေကြတဲ့အတွက် အထူးပင်ကျေးဇူးတင်ဂုဏ်ယူရပါတယ်။ အသင်းအနေဖြင့်လည်း ကိုယ့် ကြက်ခြေနီစေတနာလုပ်အားရှင်တွေရဲ့လိုအပ်ချက်အားလုံးကို မဖြည့်ဆည်းပေးနိုင်သော်လည်း လက်လှမ်းမီသ၍ ထောက်ပံ့ပေးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း ကျွန်တော်တို့ရဲ့ ကြက်ခြေနီ စေတနာလုပ်အားရှင်တွေရဲ့ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေမည့် သင်တန်းများ၊ နည်းပညာများ၊ ရှေးဦးပြုစု ခြင်းဆိုင်ရာ အထောက်အကူပစ္စည်းများကိုလည်း ပံ့ပိုးနိုင်ဖို့ ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ဒေသအလိုက် မိမိတို့ အခန်းကဏ္ဍ အသီးသီးမှာ ရပ်ရွာလူထု အတွင်း တတ်နိုင်သည့်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း အရေးကြီးဆုံးဖြစ်တဲ့ ရပ်ရွာလူထု ဘေးဒဏ် ကြံ့ကြံ့ခံ နိုင်စွမ်းမြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးစား လုပ်ဆောင်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

ချစ်ခင်လေးစားအပ်ပါတဲ့ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ အသင်းဝင်များနဲ့ မိဘ ပြည်သူအပေါင်းတို့ ခင်ဗျာ –

ယခုလို နှစ်သစ်မင်္ဂလာအခါသမယမှာ ကြက်ခြေနီနှင့် အများပြည်သူ အတူလက်တွဲကာ ပိုမိုကျန်းမာကြံ့ခိုင် သော လူမှုဘဝ ပတ်ဝန်းကျင်မှာနေထိုင်ရင်း ထပ်မံကြုံတွေ့လာနိုင်သည့် ဘေးဒုက္ခအန္တရာယ်များအတွက် ကြို တင်ပြင်ဆင်မှုနှင့် ထိရောက်တဲ့ တုံ့ပြန်နိုင်မှုတို့အပေါ် တာဝန်သိမှု၊ တာဝန်ယူမှု အပြည့်ဖြင့် အသင်း၏ ဂုဏ် သိက္ခာနှင့် ပုံရိပ်ကို ထိန်းသိမ်းကာ ကြက်ခြေနီအခြေခံမူ(၇)ချက်နဲ့အညီ မွန်မြတ်လှတဲ့ လူမှုကရုဏာခရီးလမ်း ကို မည်သို့သော စိန်ခေါ်မှု၊ အခက်အခဲများ ကြုံတွေ့စေကာမူ ကျွန်တော်တို့အားလုံး အတူတကွ ဖြေရှင်း ကျော်လွှား ကြရအောင်ပါ။

တဆက်တည်းမှာပဲ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရပ်ရွာလူထုအတွက် ဆောင်ရွက်နေတဲ့ ဘေးအန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းတွေ အတွက် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် တတ်စွမ်းသရွေ့ ပံ့ပိုးကူညီပေးနေကြတဲ့ ပြည်တွင်းက အလှူရှင်များ၊ နိုင်ငံတကာက အလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၊ အပြည် ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်းများ အားလုံး ကို မြန်မာနိုင်ငံကြက်ခြေနီ အသင်းနှင့် ရပ်ရွာလူထုကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါတယ်။

၂၀၂၄ ခုနှစ် နှစ်သစ်မှစကာ ကြက်ခြေနီ အခြေခံမူ(၇)ချက်နှင့်အညီ ပြည်သူလူထုအတွက် လူသားချင်း စာနာ ထောက်ထားမှု လုပ်ငန်းများကို ကျွန်ုပ်တို့အတူ ဆောင်ရွက်ရင်း အသင်း၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို ဆက်လက် ထိန်းသိမ်းကြပါစို့လို့ ဆန္ဒပြုရင်း နှစ်သစ်အခါသမယမှာ ကျန်းမာပျော်ရွှင် လိုရာဆန္ဒ ပြည့်ဝကြပါစေလို့ ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။

## ရပ်ရွာလူထုအား ကြိုတင်ပြင်ဆင်ခြင်းနှင့် မြန်မာနိုင်ငံရှိ ပြောင်းလဲနေသော အခြေအနေများကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း



မွန်ပြည်နယ်

လေပြင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး ကျေးရွာရှိ နေအိမ်များ ကူညီအားဖြည့်ပြင်ဆင်ဆောင်ရွက်ခြင်း



ရှမ်းပြည်နယ် (မြောက်ပိုင်း)

ကြက်ခြေနီလူနာတင်ယာဉ်ဖြင့် ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း





ရန်ကုန်တိုင်းဒေသကြီး

မီးငြိမ်းသတ်စဉ်ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုပေးခြင်း



မန္တလေးတိုင်းဒေသကြီး

သွေးလှူဒါန်းခြင်း



နေပြည်တော်

ရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ခြင်း



ပဲခူးတိုင်းဒေသကြီး

ခြေတုလက်တုတပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

အသင်းမှ ဆောင်ရွက်လျက်ရှိသည့် လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်လှူဒါန်းမည်ဆိုပါက –

ဒေါ်မေစန္ဒာမျိုး၊ ဌာနမှူး၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန။

ဖုန်း – ၀၉ ၄၂၁ ၁၆၉၅ ၈၉





သတင်းလွှာဒီဇိုင်း – ဦးမျိုးနိုင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း

အင်္ဂလိပ်ဘာသာပြန် – ဒေါ်ဆွေဇင်မျိုးဝင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း

ဒေါ်ရွှေစင်ကျော်စိုး၊ ညွှန်ကြားရေးမှူး၊

လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန။ (ဖုန်း – ၀၉ ၈၇၇ ၁၁၅၆ ၀၁)

MRCS ၏ လစဉ်သတင်းစာစောင်များကို လေ့လာလိုပါက ယခုလင့်ခ် https://www.redcross.org.mm/my_MM/publications/ ကိုနှိပ်ပါ။

## အတွေ့အကြုံများကို သုံးသပ်ပြီး ရှေ့သို့ ဆက်လက်ဆောင်ရွက်ခြင်း - နေရာဒေသအသီးသီးက ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များ။


ဧရာဝတီတိုင်းဒေသကြီး

ဇန်နဝါရီလ (၂၃) ရက်နေ့က ကျောင်းကုန်းမြို့နယ်၊ ကန်ဒေါင့်ကြီးကျေးရွာအနီးတွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ ကျောင်းကုန်းမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များက ရှေးဦးပြုစုခြင်းနှင့်ကြက်ခြေနီလူနာတင်ယာဉ် အကူအညီပေးခဲ့ပါသည်။


နေပြည်တော်

ဇန်နဝါရီလ (၁) ရက်နေ့က ဥတ္တရသီရိမြို့နယ်၊ သရက်တောအုပ်စု၊ ပိုးစာတောကျေးရွာတွင် မီးဘေးသင့်အိမ်ထောင်စု (၁) စု အား မိသားစုသုံးပစ္စည်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းနှင့် အိမ်ဆောက်အထောက်အကူပြုပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။


ကယားပြည်နယ်

ဇန်နဝါရီလ(၆)ရက်နေ့က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့သို့ ယာယီနေရပ်စွန့်ခွာနေသောကိုယ် ဝန်ဆောင်(၁)ဦးကို ကလေးမွေးဖွားနိုင်ရန်အတွက် ကြက်ခြေနီလူနာတင်ယာဉ်ဖြင့် တောင်ကြီးမြို့သို့ ကူညီပို့ဆောင်ပေးခဲ့ပါသည်။



မွန်ပြည်နယ်

ဇန်နဝါရီလ (၆) ရက်နေ့က ရေးမြို့နယ်၊ ကျုံလောင်းရွာဟောင်းမှ ဆေးကုသမှုခံယူမည့် အမျိုးသားလူနာတစ်ဦးအား မော်လမြိုင်မြို့ရှိ ဆေးခန်းသို့ အသွားအပြန် ကူညီပို့ဆောင်ပေးခဲ့ကြပါသည်။


စစ်ကိုင်းတိုင်းဒေသကြီး

ဇန်နဝါရီလ (၃) ရက်နေ့က စစ်ကိုင်းပညာရေးဒီဂရီကောလိပ်တွင် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်း (၁/၂၀၂၄) ကို ဖွင့်လှစ်ပြီး သင်တန်းသား/သင်တန်းသူ (၁၉၈) ဦး တို့အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပါသည်။


ရှမ်းပြည်နယ် (အရှေ့ပိုင်း)

ဇန်နဝါရီလ (၁၁) ရက်နေ့က လားရှိုးမြို့နယ်၊ တာလော့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း (၁/၂၀၂၄) ကိုဖွင့်လှစ်ပြီး ကျောင်းသား/ကျောင်း သူ (၈၉) ဦး တို့အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပါသည်။

## ရပ်ရွာလူထု အရေးပေါ်လိုအပ်သည့် ငွေသားထောက်ပံ့ပေးခြင်း


မကွေးတိုင်းဒေသကြီး

မျှော်လင့်ချက်ဆိုတာ မနက်ဖြန်တွေအတွက် အလင်းရောင်တစ်ခုပါ။ ဒီမျှော်လင့်ချက်တွေ ယူဆောင်လာပေးလို့ ကျေးဇူးတင်ပါတယ်။ ဗီဒီယိုလင့်ခ် - https://fb.watch/pMjyvEm8Hb/

### ဘေးအန္တရာယ်ကျရောက်သူများကို ကူညီခြင်း

မကြာမီအချိန်က ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းတွေနဲ့ စေတနာလုပ်အားရှင်များက မုန်တိုင်းကြောင့် ထိခိုက်ခံစားရတဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ အိမ်ထောင်စုပေါင်း (၁,၈၀၀) ကျော်ကို ကန့်သတ်ချက်မဲ့ ငွေသားထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

“ဒီကရတဲ့ပိုက်ဆံတွေနဲ့ ကျွန်မအသီးအနှံတွေစိုက်ဖို့ လုပ်မှာပါ။ အခက်အခဲဖြစ်နေချိန်မှာ လာပြီးထောက်ပံ့ပေးလို့ ကျေးဇူးတင်ပါတယ်။” လို့ အကူအညီကိုလက်ခံရရှိတဲ့မြောက်ရှားတောကျေးရွာသူတစ်ဦးက ပြောပါတယ်။

ဒီလိုလုပ်ဆောင်ရာမှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်းနှင့်ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းတို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်ထောင်စု (၁) စုလျှင် ငွေကျပ်(၂)သိန်းစီ ထောက်ပံ့ပေးခဲ့ပါတယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ ရပ်ရွာလူထုကို ထိရောက်တဲ့အကူအညီများပေးအပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။


ကရင်ပြည်နယ်

ဇန်နဝါရီလ (၁၂) ရက်နေ့က ဘားအံမြို့၊ လမ်းဝရှိ ဆီဆိုင်တစ်ဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အပူလောင်ဒဏ်ရာ ရရှိသူတစ်ဦးအား ရှေးဦးပြုစုပေးခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပါသည်။



တနင်္သာရီတိုင်းဒေသကြီး

ဇန်နဝါရီလ (၂၄) ရက်နေ့က မြိတ်မြို့ ဝန်ထမ်းရပ်ကွက်၊ ကြည်မျှော် (၈) လမ်းတွင် မီးဘေးသင့်အိမ်ထောင်စု (၃) စုအား မိသားစုသုံးပစ္စည်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းနှင့် ရေပုံးတို့ကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ကျေးဇူးတင်ခြင်း - မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို မြို့နယ်ကြက်ခြေနီအသင်းခွဲများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုမိတ်ဖက်အသင်းများ၊ ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာမှ အလှူရှင်များ သာမက၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍရှိမိတ်ဖက်များ၊ တစ်သီး ပုဂ္ဂလများစသည်တို့မှ ပံ့ပိုးကူညီပေးခြင်း ဖြစ်သည့် အတွက် အထူးကျေးဇူးတင်ရှိပါသည်။